Public Disclosure Authorized

မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု

စာတမ်းတို အမှတ်(၈)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်

**မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (MYANMAR COVID-19 MONITORING)** ကို မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ အကူအညီဖြင့် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုနှင့် သာတူညီမျှမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (POVERTY AND EQUITY GLOBAL PRACTICE)နှင့် မေခရို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (MACRO, TRADE AND INVESTMENT GLOBAL PRACTICE) တို့မှ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို ပုံမှန်ပံ့ပိုးပေးနိုင်ရန် လစဉ်ကောက်ယူလျက်ရှိသော အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း စစ်တမ်းတစ်ခုကို အခြေခံကာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (SOCIAL DEVELOPMENT GLOBAL PRACTICE) မှ ဦးဆောင်ကောက်ယူသော ရပ်ရွာစစ်တမ်းတစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန၊ ကိုရီးယားနိုင်ငံအစိုးရ၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့မှ စုပေါင်းထည့်ဝင်သော စာရင်းအင်းစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေ (TRUST FUND FOR STATISTICAL CAPACITY BUILDING – TFSCBIII) မှ ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအစိုးရ၊ ဒိန်းမတ်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှလည်း ထပ်ဆောင်းပံ့ပိုးကူညီထားပါသည်။

အီးမေးလ် → MYANMAR@WORLDBANK.ORG

THE WORLD BANK IBRD • IDA

MYANMAR CSO

# ကြိမ်နှုန်းမြင့် အိမ်ထောင်စု စောင့်ကြည့်လေ့လာမှုမှ သတင်းအချက်အလက်များ

## စတုတ္ထအကြိမ် စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၂၉ ရက်နေ့အထိ



## အဓိကသတင်းစကားများ

*ဤစာတမ်းတိုတွင် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးမှ ကျပန်းရွေးချယ်ထားသော အိမ်ထောင်စုပေါင်း ၁,၅၀၀ အား ရှစ်ကြိမ်တိုင် စစ်တမ်းကောက်ယူမည့် တစ်နိုင်ငံလုံး ကိုယ်စားပြုသော စစ်တမ်း၏ စတုတ္ထအကြိမ်မှ အဓိကတွေ့ရှိချက်များကို တင်ပြထားပါသည်။ ဤစစ်တမ်းကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၂၉ ရက်အကြားတွင် ဖြေဆိုသူများထံ မိနစ် ၂၀ ကြာ ဖုန်းခေါ်ဆို၍ မေးမြန်းသည့်နည်းလမ်းဖြင့် ကောက်ယူပါသည်။*

၁



ဩဂုတ်လတွင် တွေ့ရှိခဲ့သည့် အနည်းငယ် ပြန်လည်ထူထောင်လာနိုင်မှုများ ပျောက်ကွယ်သွားပါသည်။ ဩဂုတ်လကထက် အလုပ်နားထားရသည့် အိမ်ထောင်စုများ၏ အဓိကလုပ်သားများ ပိုမိုများပြားလာပြီး ရရှိသည့် ဝင်ငွေလည်း ပိုမိုနည်းပါးသွားပါသည်။ စားနပ်ရိက္ခာ ဖူလုံမှု အခြေအနေသည် ဆိုးရွားလာပြီး အိမ်ထောင်စုများတွင် စီမံခန့်ခွဲဖြေရှင်းကျော်လွှားရန် နည်းလမ်းများ ကုန်ခမ်းနေပြီ ဖြစ်ပါသည်။

၂



လူမှုဘဝဖူလုံပြည့်စုံမှုအဆင့်အလိုက် ခွဲထားသောအုပ်စုများတွင် အောက်ဆုံးအုပ်စုအတွင်းမှ အိမ်ထောင်စုများသည် ထိပ်ဆုံးအုပ်စုအတွင်းမှ အိမ်ထောင်စုများထက် ပို၍ ခက်ခဲသည့် အခြေအနေများနှင့် ကြုံတွေ့ရဟန်တူပါသည်။ အောက်ဆုံးငါးစိတ်ပိုင်းမှ အိမ်ထောင်စုများသည် ထိပ်ဆုံးငါးစိတ်ပိုင်းမှ အိမ်ထောင်စုများထက် ဝင်ငွေလျော့နည်းမှု၊ စားနပ်ရိက္ခာမဖူလုံမှုတို့ကို တွေ့ကြုံရနိုင်ခြေ ပိုများပြီး ရေရှည်တွင် အိမ်ထောင်စုများအပေါ် ဆိုးကျိုးဖြစ်စေနိုင်သည့် စီမံခန့်ခွဲဖြေရှင်းကျော်လွှားမှုနည်းလမ်းများကို အသုံးပြုနိုင်ခြေ ပိုများပါသည်။

၃



ပျမ်းမျှအားဖြင့် လူမှုဘဝဖူလုံပြည့်စုံမှု အောက်ဆုံးအုပ်စုမှ အိမ်ထောင်စုများနှင့် အကူအညီလိုအပ်နေသော အိမ်ထောင်စုများသည် အစိုးရ၏ စားနပ်ရိက္ခာနှင့် ငွေကြေးထောက်ပံ့မှု အကူအညီများကို ပိုမိုရရှိခံစားကြရပါသည်။

**မြန်**မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုအစီအစဉ်အရ ဧပြီလနှင့် မေလ အစောပိုင်းတို့တွင် ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး တင်းကျပ်စွာ ဆောင်ရွက်မှုများ၏ ပထမလှိုင်းကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့ပြီးနောက် မေလ နှောင်းပိုင်းတွင် တဖြည်းဖြည်းချင်း ပြန်လည်ဖြေလျှော့ပေးမှုများက ဩဂုတ်လအတွင်းတွင် အလုပ်အကိုင်ရရှိမှု အခြေအနေကို အနည်းငယ် ပြန်လည်ကောင်းမွန်လာစေခဲ့ပါသည်။ တစ်ချိန်တည်းတွင် အစိုးရမှ ထောက်ပံ့ကူညီမှုများ တိုးမြှင့်ပြုလုပ်လာရာ ယခင်ကထက်ပို၍ ဩဂုတ်လတွင် ပိုမိုများပြားသော အိမ်ထောင်စုများထံ အကူအညီများ ရောက်ရှိခဲ့ပါသည်။

**ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် ဩဂုတ်လလယ်တွင် မြင့်တက်လာရာ နေအိမ်တွင်သာ နေထိုင်ရန် တင်းကျပ်သည့် အမိန့်ညွှန်ကြားချက်များအား ရခိုင်ပြည်နယ်အတွင်း ဩဂုတ်လလယ်တွင် စတင်ထုတ်ပြန်ခဲ့ပြီးသည့်နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံး (ကိုကိုးကျွန်းမြို့နယ်မှလွဲ၍) နှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝှမ်းလုံးရှိ မြို့နယ်အချို့တွင် အလားတူစည်းကမ်းချက်များကို စက်တင်ဘာလကုန်ပိုင်းမှစ၍ ထုတ်ပြန်ခဲ့ပါသည်။** မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) နှင့် ကမ္ဘာ့ဘဏ်တို့က စတုတ္ထအကြိမ် ကောက်ယူခဲ့သောစစ်တမ်းမှ အချက်အလက်များအရ ဩဂုတ်လအတွင်းက အနည်းငယ်ပြန်လည် ထူထောင်လာမှုများသည် အဆိုပါ အမိန့်ညွှန်ကြားချက်အသစ်များကြောင့် ဆက်လက်တည်မြဲနိုင်စွမ်း မရှိကြောင်း တွေ့ရှိရပါသည်။ စတုတ္ထအကြိမ်စစ်တမ်းတွင် ဩဂုတ်လက ဖြေဆိုခဲ့သူများထဲမှ လေးယောက်တွင် သုံးယောက်ခန့်ကို ပြန်လည်မေးမြန်းနိုင်ခဲ့ပြီး ကျန်ရှိသော ဖြေဆိုသူများနေရာတွင် လူသစ်များကို အစားထိုးခဲ့ပါသည်။

**ရန်ကုန်နှင့် မန္တလေးမှ စီးပွားရေးအချက်အချာအကျဆုံးနေရာများ၌ နေအိမ်တွင်သာ နေထိုင်ရန် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်မှု၏ အကျိုးဆက်သည် အိမ်ထောင်စုများ၏ အလုပ်အကိုင်များနှင့် ဝင်ငွေများ၏ အခြေအနေတွင် ထင်ဟပ်ပေါ်လွင်လျက် ရှိပါသည်။** ပထမလှိုင်းမှ တဖြည်းဖြည်း ပြန်လည်ထူထောင်လာမှုကြောင့် ဩဂုတ်လတွင် အလုပ်မလုပ်ရသော အိမ်ထောင်စုများ၏ အဓိကလုပ်သားမှာ ၁၅ ရာခိုင်နှုန်းသာ ရှိပါသည်။ သို့သော် အောက်တိုဘာလတွင် အိမ်ထောင်စုများ၏ အဓိကလုပ်သားများ၏ သုံးပုံတစ်ပုံခန့်သည် အလုပ်မလုပ်နိုင်ကြဘဲ လူမှုဘဝဖူလုံပြည့်စုံမှု အဆင့်အားလုံးရှိအိမ်ထောင်စုများကို ထိခိုက်စေခဲ့ပါသည်။[1] ဝင်ငွေနှင့်စပ်လျဉ်း၍ အလုပ်လုပ်နေဆဲ လုပ်သားများ၏ ထက်ဝက်နီးပါးသည် ဒုတိယလှိုင်းမတိုင်မီကထက် ဝင်ငွေပိုနည်းသွားသည်ဟု ဆိုပါသည်။ သို့သော် လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုမှ အိမ်ထောင်စုများ၏ အဓိကလုပ်သားများသည်လည်း အခြားအုပ်စုများအားလုံးနည်းတူ ထိခိုက်ခံရပါသည်။ အလုပ်အကိုင်အခြေအနေ၊ ဝင်ငွေအနေအထားနှင့်စပ်လျဉ်း၍ အသွားအလာကန့်သတ်မှုများကြောင့် ထိခိုက်လွယ်မှုပိုများသော လက်လီနှင့် တစ်ကိုယ်ရေ ဝန်ဆောင်မှုကဏ္ဍများမှ အိမ်ထောင်စုများ၏ အဓိကလုပ်သားများသည် အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ဝင်ငွေလျော့နည်းမှုတို့ကို အထိအနာဆုံး ဖြစ်ခဲ့သည်။ အိမ်ထောင်စုများသည် အကျပ်အတည်း၏ ရိုက်ခတ်မှုကို စီမံခန့်ခွဲဖြေရှင်းကျော်လွှားရန်အတွက် အစားအစာနှင့် အစားအစာမဟုတ်သော အခြားအသုံးစရိတ်များကို လျှော့ချနေကြသဖြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် အိမ်ထောင်စုများ၏ ဝယ်လိုအားများ ကျဆင်းသွားဖွယ်ရှိခြင်းကလည်း လက်လီရောင်းဝယ်ရေးလုပ်ငန်းများအပေါ် ထိခိုက်စေသည့် အကြောင်းတစ်ခု ဖြစ်ပါသည်။

**အိမ်ထောင်စုများ၏ စီးပွားရေးလုပ်ငန်းအများစုသည် ဆက်လက်လုပ်ကိုင်နေကြဆဲဖြစ်သော်လည်း ၎င်းတို့၏ဝင်ငွေများ ကျဆင်းသွားပါသည်။** ဩဂုတ်လအတွင်းတွင် အိမ်ထောင်စုများ၏ စီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်ကျော်က ဝင်ငွေလျော့နည်းသွားသည်ဟု ဆိုခဲ့ပြီး အောက်တိုဘာလ၌ အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများ လေးခုတွင် သုံးခုက ထိုသို့ဆိုပါသည်။ ဩဂုတ်လနှင့် အောက်တိုဘာလအကြားတွင် ဝင်ငွေလျော့နည်းသွားသည်ဟုဆိုသော အိမ်ထောင်စုအရေအတွက်သည် လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် ထိပ်ဆုံးအုပ်စုမှာထက် အောက်ဆုံးအုပ်စုတွင် ပိုနည်းပါသည်။ သို့သော် လူမှုဘဝဖူလုံပြည့်စုံမှုအဆင့်များအားလုံးတွင် သိသာထင်ရှားသည့် ကွာခြားချက်များ မတွေ့ရပါ။ ထိန်းချုပ်ကန့်သတ်ချက်များသည် မြို့ပြအချက်အချာ နေရာများတွင်သာ ချမှတ်ထားခြင်းဖြစ်သောကြောင့် ရန်ကုန်နှင့် မန္တလေး ပြင်ပရှိ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သော အိမ်ထောင်စုများအပေါ် သက်ရောက်မှု ပိုနည်းသဖြင့် ဤရလဒ်မျိုး ထွက်ပေါ်လာခြင်း ဖြစ်နိုင်ပါသည်။

**အစောပိုင်းက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သော ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး ကန့်သတ်ချက်များ ချမှတ်ခဲ့စဉ်ကနှင့် ကွဲပြားစွာ အောက်တိုဘာလတွင် စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုအများစုသည် ၎င်းတို့၏ လယ်ယာလုပ်ငန်းခွင်တွင် ပြန်လည်လုပ်ကိုင်ခဲ့ကြသော်လည်း ဝင်ငွေများမှာ ဩဂုတ်လကထက် ပိုနည်းပါသည်။** စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ၏ အဓိကလုပ်သားများထဲတွင်[2] အောက်တိုဘာလအတွင်း အလုပ်မလုပ်သော လုပ်သားအရေအတွက်သည် ပထမအကြိမ် အသွားအလာကန့်သတ်ချက်များ လုပ်ခဲ့စဉ်ကထက် ပိုနည်းပါသည် (အောက်တိုဘာလတွင် ၂၁ ရာခိုင်နှုန်းနှင့် မေလက ၆၁ ရာခိုင်နှုန်း)။ ထို့ပြင် လယ်ယာလုပ်ငန်း လုပ်ကိုင်သော

အိမ်ထောင်စုများထဲတွင် ၁၁ ရာခိုင်နှုန်းခန့်သည် အောက်တိုဘာလတွင် လယ်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိတော့ပါ။ လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုတွင် လယ်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်သည့် အိမ်ထောင်စုအရေအတွက်သည် ထိပ်ဆုံးအုပ်စုထက် အနည်းငယ် ပိုများပါသည်။ သို့သော် စိုက်ပျိုးရေးကဏ္ဍရှိ လုပ်ခ/လခစားအနေဖြင့်ရရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံ လယ်ယာစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်ခြင်းပါဝင်သည့် အလုပ်အကိုင်များကိုကြည့်လျှင်မူ လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုတွင် အလုပ်လက်မဲ့ဖြစ်နေသော အိမ်ထောင်စုများ၏ အဓိကလုပ်သားအရေအတွက် (၂၇ ရာခိုင်နှုန်း) သည် ထိပ်ဆုံးအုပ်စု (၁၆ ရာခိုင်နှုန်း) ထက် ပိုများပါသည်။ ဆင်းရဲနွမ်းပါးသော စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုများထဲတွင် ကျပန်းစိုက်ပျိုးရေးလုပ်သားအဖြစ် လုပ်ကိုင်သူ အချိုးအစားကြီးမားစွာ ပါဝင်နေသည်ဖြစ်ရာ ထိုလုပ်သားများသည် ယခုဒုတိယလှိုင်း ကန့်သတ်ချက်များအတွင်း အလုပ်ရှိသည့် နေရာများသို့ အလွယ်တကူ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။ လယ်ယာလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်းကို ရပ်တန့်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ ရာသီဥတုအခြေအနေများ (၃၃ ရာခိုင်နှုန်း) နှင့် ကမ္ဘာ့ကပ်ရောဂါနှင့် စပ်လျဉ်းသော အသွားအလာကန့်သတ်ချက်များကြောင့် စိုက်ပျိုးထုတ်ကုန်များ ရောင်းချရန်ဖြစ်စေ၊ ထုတ်လုပ်မှုအတွက်လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန်ဖြစ်စေ ဈေးများသို့ လက်လှမ်းမီ သွားရောက်နိုင်မှုမရှိခြင်း (၁၅ ရာခိုင်နှုန်း) တို့ကြောင့် ဖြစ်ပါသည်။ ဈေးကွက်လက်လှမ်းမီမှု ပျက်ပြားခြင်း (နယ်စပ်ကုန်သွယ်ရေး ကျဆင်းခြင်းနှင့် ရန်ကုန်နှင့် မန္တလေးရှိ ဈေးကြီးများ ပိတ်ထားခြင်း) နှင့် ရာသီဥတုအခြေအနေများကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသော အိမ်ထောင်စုများ၏ အဓိကလုပ်သား ထက်ဝက်ကျော်သည် အောက်တိုဘာလတွင် ဩဂုတ်လကထက် ပိုမိုနည်းပါးသော ဝင်ငွေများကိုသာ ရရှိခဲ့ကြပါသည်။

**ဩဂုတ်လနှင့် အောက်တိုဘာလအကြားတွင် စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှုအခြေအနေသည် လျင်မြန်စွာ ကျဆင်းလာပါသည်။ အသင့်အတင့်မှ ပြင်းထန်သော စားနပ်ရိက္ခာမဖူလုံမှုကို တွေ့ကြုံနေသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်းသည် ၁၃ ရာခိုင်နှုန်း တိုးလာပြီး ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှာ အချိုးမညီမျှစွာ ပို၍ ထိခိုက်ခံစားရပါသည်။** ဩဂုတ်လတွင် စားနပ်ရိက္ခာမဖူလုံမှုကို တွေ့ကြုံခံစားရသော အိမ်ထောင်စုမှာ ၁၂ ရာခိုင်နှုန်း ရှိခဲ့ပြီး အောက်တိုဘာလတွင် ထိုကိန်းဂဏန်းသည် ၂၅ ရာခိုင်နှုန်း ဖြစ်လာပါသည်။[၃] အိမ်ထောင်စုများသည် စားသုံးရန် အစားအစာလုံလောက်မှုမရှိမည်ကို ပူပန်နေရသည်သာမက အများအပြား (၃၁ ရာခိုင်နှုန်း) သည် ကျန်းမာရေးနှင့် မညီညွတ်သော အစာများကို စားသုံးနေကြသဖြင့် ယင်းသည် ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်းနှင့် အာဟာရဓာတ်ချို့တဲ့ခြင်းတို့ ဖြစ်နိုင်ခြေကို တိုးပွားလာစေနိုင်ပါသည်။ အောက်တိုဘာလတွင် လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုရှိ အိမ်ထောင်စုများသည် ထိုကိစ္စများ ကြုံတွေ့ရကြောင်း ဖြေဆိုနိုင်ခြေ ပိုများပါသည်။ စိုးရိမ်ဖွယ်ရာကောင်းသည်မှာ လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုရှိ အိမ်ထောင်စုများနှင့်ထိပ်ဆုံးအုပ်စုရှိအိမ်ထောင်စုများအကြားကွာဟချက်မှာပို၍ကြီးမားလာခြင်းဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံမှု မရှိသည့် အတိုင်းအတာများတွင် အကြီးမားဆုံး ကွာခြားချက်သည် ဩဂုတ်လတွင် ၉ ရာခိုင်နှုန်းသာ ရှိသော်လည်း အောက်တိုဘာလတွင် ၂၂ ရာခိုင်နှုန်း ရှိလာပါသည်။

**ကပ်ဘေးဆိုးကို ခုသာခံသာရှိစေရန် အိမ်ထောင်စုများ အသုံးပြုနေသည့် စီမံခန့်ခွဲဖြေရှင်းကျော်လွှားရန် နည်းလမ်းများသည် အန္တရာယ်ရှိပြီး ရေရှည်အသုံးပြုနိုင်သည့် နည်းလမ်းများ မဟုတ်ပါ။** အိမ်ထောင်စုများ၏ ထက်ဝက်ခန့်သည် အောက်တိုဘာလတွင် အစားအစာ သို့မဟုတ် အစားအစာ မဟုတ်သော အသုံးအဆောင်များကို လျှော့ချသုံးစွဲခဲ့ကြရာ လူအများ အလုပ်ပြန်လုပ်နိုင်ခဲ့ကြသည့် ဩဂုတ်လ (၃၀ ရာခိုင်နှုန်းခန့်) ကထက် သိသိသာသာ ပိုမိုဆိုးရွားလာသော အခြေအနေဖြစ်ပါသည်။ ထိုနည်းလမ်းများကို မှီခိုအားထားမှုသည် လူမှုဘဝ ဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုမှ အိမ်ထောင်စုများအကြားတွင် ထိပ်ဆုံးအုပ်စုကထက် ပိုများသဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် အခြေအနေများ ပိုမိုဆိုးရွားလာမှုကို ထပ်မံညွှန်ပြနေခြင်း ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်းတွင် အိမ်ထောင်စုများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေတိုးချေးသူများ သို့မဟုတ် မိသားစုများထံမှ ချေးငွေအသစ်များ ရယူခဲ့ကြပါသည်။ ပို၍ဆင်းရဲ နွမ်းပါးသော အိမ်ထောင်စုများက ချေးငွေ ရယူမှုအတိုင်းအတာမှာ ပို၍ ကြီးမားပါသည်။ လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် ထိပ်ဆုံးအုပ်စုမှ အိမ်ထောင်စုများသည် အခြားအိမ်ထောင်စုများထက် စုဆောင်းထားသော ငွေများကို အသုံးပြုနိုင်ခြေ ပိုများပါသည်။ သို့သော် အောက်တိုဘာလတွင် လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုအတွင်းရှိ အိမ်ထောင်စုများ၏ ၃၆ ရာခိုင်နှုန်းသည် စုဆောင်းငွေများကို အသုံးပြုခဲ့ကြပါသည်။ အကြွေးများ ပြန်ဆပ်ရန် လိုအပ်မှု၊ စိုက်ပျိုးရာသီအသစ်အတွက် သွင်းအားစုများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်မှုနှင့် လက်ရှိအကျပ်အတည်း၏ ကာလရှည်ကြာ ဖြစ်ပွားနေဦးမည့် အခြေအနေများသည် အိမ်ထောင်စုများကို အကြွေးသံသရာအတွင်းသို့ ရောက်ရှိအောင် တွန်းပို့နိုင်ခြေ ရှိနေပါသည်။

**ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးကျဆင်းမှုအပြင် ကျန်းမာရေး အကျပ်အတည်းကိုပါ ရင်ဆိုင်လာရပြီဖြစ်ရာ ယင်းသည် အိမ်ထောင်စုများနှင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ၏ လူမှုဘဝဖူလုံပြည့်စုံမှုအပေါ် ပို၍ပင် ကြီးမားသော ဖိအားများ ထပ်မံကျရောက်စေပါသည်။** အိမ်ထောင်စုများ၏ ၈၀ ရာခိုင်နှုန်းကျော်က ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို လျှော့ချရန် နည်းလမ်းများအဖြစ် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်အိတ်များ ဝတ်ဆင်ခြင်း၊ လက်ဆေးခြင်းများ ပြုလုပ်သည်ဟုဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး လုံလောက်သော အကွာအဝေးတွင် ခပ်ခွာခွာနေခြင်းကို ပြုလုပ်သည်ဟု ဆိုသော အိမ်ထောင်စုမှာ ပိုနည်းပါသည်။ လူစုလူဝေးများကို ရှောင်ရှားသည်ဟု ဆိုသော အိမ်ထောင်စုမှာ ၃၂ ရာခိုင်နှုန်းအောက်နှင့် စကားပြောသောအခါ ခပ်ခွာခွာနေ၍ပြောသော အိမ်ထောင်စုမှာ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ အဆိုပါ အမူအကျင့်များသည် လက်သန့်ဆေးရည်သုံးစွဲမှုမှလွဲ၍ လူမှုဘဝဖူလုံပြည့်စုံမှု အဆင့်များအားလုံးရှိ အိမ်ထောင်စုများအကြား ကွာခြားမှုမရှိသော်လည်း ထိုအမူအကျင့်များကို ကျင့်သုံးမှုနှုန်းများမှာ ဩဂုတ်လနောက်ပိုင်းတွင် ကျဆင်းသွားပါသည်။ ဤကျန်းမာရေးဆိုင်ရာ အန္တရာယ်နှင့်အတူ ဝင်ငွေနှင့် စားနပ်ရိက္ခာဖူလုံမှုအခြေအနေ မရေရာမှုများသည် အိမ်ထောင်စုများ၏ စိတ်ဖိစီးမှုများကို တိုးပွားလာစေနိုင်ခြေ ရှိပါသည်။ အောက်တိုဘာလတွင် အိမ်ထောင်စုများ၏ ၆၄ ရာခိုင်နှုန်းခန့်က ၎င်းတို့သည် ငွေရေးကြေးရေးနှင့် စပ်လျဉ်း၍ အတန်အသင့် သို့မဟုတ် အလွန်စိတ်ပူသည်ဟု ဆိုပါသည်။ ယင်းသည် စိတ်ကျန်းမာရေးနှင့် အိမ်ထောင်စုအတွင်း ဆက်ဆံရေးများအပေါ် ရေရှည်အကျိုးသက်ရောက်မှုများ ရှိလာနိုင်ပါသည်။

**အိမ်ထောင်စုများသည် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီအသုံးပြုနိုင်၍ ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် ပြဿနာများကို ဖော်ပြပြောဆိုခြင်း မရှိကြသော်လည်း မြန်မာနိုင်ငံတွင် ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာရှိသည့်တိုင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခြင်းမရှိသည့် နှုန်းများသည် အလွန်မြင့်မားပြီး ဤကပ်ရောဂါက အိမ်ထောင်စုများအား ကျန်းမာရေးစောင့်ရှောက်မှု ခံယူလိုခြင်း မရှိအောင် ထပ်မံပြုလုပ်နိုင်ပါသည်။** ပျမ်းမျှအားဖြင့် အောက်တိုဘာလတွင် အိမ်ထောင်စုများ၏ ၆၀ ရာခိုင်နှုန်းသည် ကျန်းမာရေးဝန်ဆောင်မှုများ လိုအပ်သည်ဟုဆိုပြီး အများစုက ဆေးဝယ်ယူရန်အတွက် ဖြစ်သည် (ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သော အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်း)။ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သော အိမ်ထောင်စုများ၏ လေးပုံတစ်ပုံခန့်သည် အရွယ်ရောက်သူများအတွက် ဆောင်ရွက်ပေးသော ကျန်းမာရေး စောင့်ရှောက်မှုများကို ခံယူကြပြီး ဤနေရာတွင်လည်း မည်သည့်စိန်ခေါ်မှုကိုမျှ ဖော်ပြပြောဆိုခြင်း မရှိကြပါ။ သို့သော် ကပ်ရောဂါမဖြစ်ပွားမီကပင် ကျေးလက်ဒေသများရှိ ကျန်းမာရေးဌာနများနှင့် အခြားသော အခြေခံကျန်းမာရေးဝန်ဆောင်မှုပေးသည့် နေရာများသည် အရင်းအမြစ် ပြည့်စုံမှု မရှိသောကြောင့် အိမ်ထောင်စုများအနေဖြင့် စောင့်ရှောက်မှု ခံယူလိုခြင်း မရှိကြတော့ခြင်း ဖြစ်နိုင်ပါသည်။

**ကျောင်းများ ပြန်ဖွင့်သောအခါတွင် ကျောင်းအပ်နှံမှုနှုန်းများ ကျဆင်းသွားနိုင်ခြေရှိနေသဖြင့် ပညာရေးအတွက်လည်း စိုးရိမ်စရာ ဖြစ်နေပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှ ကလေးများသည် ကျောင်းများ ပိတ်ထားသည့်နောက်ပိုင်း ပညာသင်ယူလေ့လာရန် ပံ့ပိုးမှုများ ရရှိနိုင်ခြေ ပိုနည်းသဖြင့် ၎င်းတို့၏ ပညာရေးမှာ ပို၍ ထိခိုက်နိုင်ပါသည်။** ကျောင်းများပိတ်ထားသည်မှာ ခုနစ်လကျော်ခဲ့ပြီ ဖြစ်ပြီး အချိန်တိုအတွင်း ပြန်လည်ဖွင့်လှစ်နိုင်သည့် အလားအလာမှာလည်း အလွန်နည်းပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလက ကျောင်းတက်နေဆဲဖြစ်သော ၎င်းတို့၏ ကလေးများသည် ကျောင်းများ ပိတ်ထားသော ကာလအတွင်းတွင် ပညာလေ့လာသင်ယူမှုများ ပြုလုပ်နေသည်ဟု ဆိုသော အိမ်ထောင်စုများမှာ ၄၀ ရာခိုင်နှုန်းအောက်သာ ရှိပါသည်။ ဤရာခိုင်နှုန်းသည် လူမှုဘဝဖူလုံပြည့်စုံမှု အောက်ဆုံးအဆင့်မှ အိမ်ထောင်စုများတွင် ၂၆ ရာခိုင်နှုန်းခန့်နှင့် ထိပ်ဆုံးအဆင့်တွင် ၅၄ ရာခိုင်နှုန်းအထိ အမျိုးမျိုး ကွဲပြားနေခြင်း ဖြစ်ပါသည်။ အိမ်ထာင်စုများ၏ ၈၃ ရာခိုင်နှုန်းအတွက် ထိုလေ့လာသင်ယူမှုများ၏ အများစုသည် မိဘများမှ သင်ပေးခြင်းဖြစ်ပြီး ၆ ရာခိုင်နှုန်းခန့်ကမူ ၎င်းတို့၏ ကလေးများကို အွန်လိုင်းသင်တန်းများ တက်ရောက်စေခြင်းဖြစ်ကြောင်း သိရပါသည်။

**အောက်တိုဘာလတွင် အစိုးရ၏ စားနပ်ရိက္ခာနှင့် ငွေကြေးထောက်ပံ့မှု အကူအညီများသည် လိုအပ်နေသူများထံသို့ ပိုမိုအောင်မြင်စွာ ရောက်ရှိခဲ့ပါသည်။** အိမ်ထောင်စုများ၏ ၂၃ ရာခိုင်နှုန်းနှင့် ၄၁ ရာခိုင်နှုန်းခန့်တို့က အစိုးရထံမှ စားနပ်ရိက္ခာအကူအညီ သို့မဟုတ် ငွေကြေးထောက်ပံ့မှုများကို အသီးသီးလက်ခံရရှိသည်ဟု ဆိုပါသည်။[၄] ထိုထောက်ပံ့မှု နှစ်မျိုးစလုံးသည် လူမှုဘဝဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုမှ အိမ်ထောင်စုများကို အနည်းငယ် ပို၍အကျိုးပြုနိုင်ခဲ့ပုံရပါသည်။ စားနပ်ရိက္ခာအကူအညီများ လက်ခံရရှိသည့် အိမ်ထောင်စုများသည် လူမှုဘဝ ဖူလုံပြည့်စုံမှုအဆင့် အောက်ဆုံးအုပ်စုတွင် ၂၁ ရာခိုင်နှုန်းရှိပြီး ထိပ်ဆုံးအုပ်စုတွင် ၁၈ ရာခိုင်နှုန်း ရှိပါသည်။ ထို့ပြင် အောက်တိုဘာလတွင် ငွေကြေးထောက်ပံ့မှုများကို လက်ခံရရှိသည့် အိမ်ထောင်စုများသည် အောက်ဆုံးအုပ်စုတွင် ၄၀ ရာခိုင်နှုန်းရှိပြီး ထိပ်ဆုံးအုပ်စုတွင် ၃၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ သို့သော် အိမ်ထောင်စုဦးစီးသည် အလုပ်လုပ်နေသော်လည်း ဝင်ငွေလျော့နည်းသွားသည့် အိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံနီးပါးသည် မည်သည့် ငွေကြေးထောက်ပံ့မှုကိုမျှ လက်ခံရရှိခြင်း မရှိကြဘဲ ထိုအိမ်ထောင်စုများထဲတွင် စားနပ်ရိက္ခာအကူအညီများ မရရှိသည်မှာ ၈၆ ရာခိုင်နှုန်း ရှိပါသည်။ စားနပ်ရိက္ခာ မဖူလုံမှု ပြဿနာများကို ရင်ဆိုင်နေရသော အိမ်ထောင်စုများသည် စားနပ်ရိက္ခာအကူအညီများကို ပိုမိုရရှိခံစားနိုင်ခဲ့ကြဟန်တူပါသည်။ စားနပ်ရိက္ခာ မဖူလုံမှုပြဿနာ ရှစ်ခုအနက် ငါးခုကို ရင်ဆိုင်နေရသော အိမ်ထောင်စုများ၏ ၆၈ ရာခိုင်နှုန်းက စားနပ်ရိက္ခာ အကူအညီများ ရရှိခဲ့သည်ဟုဆိုပြီး ထိုပြဿနာများ မရှိသည့် အိမ်ထောင်စုများထဲတွင် စားနပ်ရိက္ခာ အကူအညီများရရှိသည်မှာ ၃၁ ရာခိုင်နှုန်း ရှိပါသည်။

၁ လူမှုဘဝဖူလုံပြည့်စုံမှု ငါးစိတ်ပိုင်းများအား တန်ဖိုးများ အစားထိုးတွက်ချက်သည့် နည်းစနစ် (imputations) တစ်ခုထက်မကနှင့် အဆင့်လိုက်တွက်ချက်သည့် regression များ အသုံးပြု၍ ခန့်မှန်းထားသော စုစုပေါင်းစားသုံးမှုဖြင့် တိုင်းတာပြီး consumption distribution တစ်ခုလုံးကို imputation များဖြင့် continuous interval ငါးခုအဖြစ် စိတ်ပိုင်းထားပါသည်။

၂ ဤအိမ်ထောင်စုများထဲတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများ (ထွန်ယက်စိုက်ပျိုးခြင်း၊ သီးနှံရိတ်သိမ်းခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ပိုင်ဆိုင်ခြင်း သို့မဟုတ် ငါး/ပုစွန်/ကဏန်းမွေးမြူရေးလုပ်ကိုင်ခြင်း)၊ လယ်ယာမြေပြင်ပ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ခ/လခစား လုပ်သားအဖြစ် လုပ်ကိုင်သော အိမ်ထောင်စုများပါဝင်ပါသည်။ ဤကိန်းရှင်ကို အိမ်ထောင်စုရှိ အဓိကလုပ်သားအဆင့်တွင် တိုင်းတာပါသည်။

၃ FAO (2020) တွင် ရှင်းလင်းဖော်ပြထားသကဲ့သို့ စားနပ်ရိက္ခာမဖူလုံမှု အတွေ့အကြုံစကေး (food insecurity experience scale – FIES) ကို စံသတ်မှတ်ချက် ရှစ်ခုအား အသုံးပြု၍ ဖွင့်ဆိုသတ်မှတ်ပါသည်။ Food and Agriculture Organization of the United Nations. 2020. http://www.fao.org/in-action/voices-of-the-hungry/using-fies/en

၄ ငွေကြေးထောက်ပံ့မှုဆိုင်ရာ အဆိုပါကိန်းဂဏန်းများသည် အုပ်ချုပ်ရေးဆိုင်ရာ အရင်းအမြစ်များမှ ရရှိသည့် ကိန်းဂဏန်းများထက် နည်းနေကြောင်း အစီရင်ခံစာရေးသားသူများမှ သတိပြုမိပါသည်။ အစိုးရသည် ဇူလိုင်နှင့် ဩဂုတ်လတွင် ငွေကြေးထောက်ပံ့မှုနှစ်ခု ပေးအပ်၍ အိမ်ထောင်စုပေါင်း ၅.၄ သန်းထံသို့ ရောက်ရှိရန်နှင့် စက်တင်ဘာလတွင် အိမ်ထောင်စု ၅.၆ သန်းထံသို့ ရောက်ရှိရန် သတ်မှတ်ထားပါသည်။ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် စစ်တမ်းများတွင် အစိုးရ၏ လူမှုရေးထောက်ပံ့ကူညီမှုများ၏ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်လေ့လာရန်အတွက် ပိုမိုပြည့်စုံသော အချက်အလက်များ စုဆောင်းနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အပိုင်းတစ်ပိုင်းကို ထပ်မံထည့်သွင်းသွားမည်ဖြစ်သည်။

လူမှုဘဝဖူလုံပြည့်စုံမှုအုပ်စုအလိုက် စစ်တမ်းကောက်ယူသည့် အကြိမ်တိုင်းရှိ အလုပ်မလုပ်သည့် အိမ်ထောင်စုများ၏ အဓိကလုပ်သားများ (ရာခိုင်နှုန်း)




လူမှုဘဝဖူလုံပြည့်စုံမှုအုပ်စုအလိုက် အောက်တိုဘာလတွင် လုပ်သားအဖြစ် လုပ်ကိုင်မှုမှ ဝင်ငွေများနှင့် အခြားအလုပ်များမှ ဝင်ငွေများ လျော့နည်းသွားသော အိမ်ထောင်စုများ၏ အဓိကလုပ်သားများ (ရာခိုင်နှုန်း)

